ေ အာ င် မြ င် စ ာ ေ ပ

တွေးတတ်ညွှန်းသရုပ်ဖော်

ဆွေမင်းဓနုဖြူ

# မြိုင်ရာဇာ

ကျွန်ုပ်နှင့်

အကိုင်းနဲ့အယဉ်



ကာတွန်း-ဆွေမင်းဓနုဖြူ
ဒီဇိုင်း-ပန်းနှိုင်းသဲတာ
အိုကေကလာစဉ်

# အခန်း ၁။ ထူးဆန်းသော မှတ်တိုင်







ထူးမခြားနားဖြစ်သော.. သုသာန်တစ်ခုအကြောင်း အဘယ့်ကြောင့် ပြောပြ နေရပါသနည်းဟု မိတ်ဆွေ စဉ်းစားနေပါ သလား.. ။
ဖီလင် ဖီလင်..
ရှင်းပါအံ့.. ။ လူတို့၏ သချိုင်းဖြစ်သော ကြောင့်..မြင်တွေ့သမျှ မြေပုံ အုတ်ဂူ တို့တွင် လူသားတို့၏ ရုပ်ကလပ်များသာ ရှိပေလိမ့်မည်ဟု မိတ်ဆွေယူဆပေလိမ့် မည် ။
ရှင်ကတော့အေးသွား ပြီပေါ့.. ကျုပ်မှာတော့ အကြွေးတွေနဲ့.. ကလေးတွေနဲ့..
ရှုပါ မိတ်ဆွေ.. ။ အနီ ကုက္ကိုပင်ကြီးအောက် တွင် ရှိနေသော အုတ်ဂူကလေးကား.. မိတ်ဆွေယူဆသလို လူသားတစ်ဦး၏ အုတ်ဂူတစ်ခု မဟုတ်ပါလေ.. ။


ရှင်းအောင်ဆိုရသော်.. လူသားတို့၏ သချိုင်းတွင်ရှိနေသော.. ဤအုတ်ဂူ
လေးတွင် လဲလျောင်းနေသူကား အဟိတ် တိရစ္ဆာန်တစ်ကောင်ပင်ဖြစ်
ပါချေတော့်း... ။
ကောက်ရ
ကောက်ရ ဟုအမည်တွင်သော
ဤတိရစ္ဆာန်ကို အုတ်ဂူဖြင့်ပင်
သင်္ဂြိုဟ်မှုပြုခဲ့ရခြင်းအကြောင်းကို
ယခုလောက်ဆို မိတ်ဆွေ သိချင်နေ
ပေရော့မည် ။
မထူးသော်လည်း ဆန်းသည်ဟုဆိုရသော
ဤကိစ္စသည် ကြံ့တိုင်းရွာတွင် အမှန်ပင်
ဖြစ်ပျက်ခဲ့ပါချေ၏ ။
ကြေကွဲ လွမ်းဆွတ်ဖွယ် ကောင်းလှသော
ထိုအတိတ်ကို မိတ်ဆွေသိအောင်..
ဇာတ်ကြောင်းပြန် ရပါချေသော်... ။

လွန်ခဲ့သော သုံးနှစ်ကျော်ကာလတုန်းကသော လူမိုက်တစ်ဦးသည် ကျွန်ုပ်တို့
ရွာသို့ အလည်ရောက်မည်ဆိုပါက ထူးခြားသောမြင်ကွင်းတစ်ခုကြောင့်
အံ့ဩ ခိုးထိတ်မည်မှာ အမှန်ပင်ဖြစ်ချေတော့၏.. ။




အကြောင်းကား ရွာလယ်လမ်းတစ်ချောက်တွင် ကလေးတစ်သိုက် နှင့် ပြေးလွှား
ဆော့ကစားနေရာတွင် ကျားသစ်ကြီးတစ်ကောင်ပါ ပါဝင်ဆော့ကစားနေသည်ကို
တွေ့ရမည်ဖြစ်သောကြောင့်တည်း.. ။



တကယ်တော့..
ကျားသစ်ဟူသော..
တိရစ္ဆာန် မှုကား..
သင်ကြားယဉ်ပါးဖို့
မကွယ်ကုလှသော
တိရစ္ဆာန်မျိုးဖြစ်၏ ။
ကောက်ကျစ်၏ ။
ကြမ်းကြုတ်၏ ။




သို့သော် ဤကျားသစ်ကြီးမှာမူ သိမ်မွေ့နူးညံ့လှသောကြောင်ငယ်လေးပမာ ကလေးများနှင့် ဆော့ကစားတတ်၏ ။
ချကွ..
ချကွ..
တကောက်ရ ရှုံးပလော့ သံချောင်းကွ..!
ထို့ပြင် သူ၏အစာ ဖြစ်သော ခွေးများကပါ သူ့ကို အကြောက်အလန့် မရှိဘဲ..သူနှင့်အတူ ကစားရဲလောက်အောင် ပင် သဘောကောင်းလှ သော ကျားသစ် လည်း ဖြစ်ချေ၏ ။
ဝုတ်..
ဝုတ်..
အာဝူ
ဝုတ်..
ကလေးတစ်သိုက် ၊ ခွေးတစ်အုပ် နှင့် ကျားတစ်ကောင်တို့ လုံးထွေးဆော့ ကစားကြသော မြင်ကွင်းကား ကြံ့တိုင်းရွာသားတို့အတွက် ရိုးနေပြီဖြစ်သော မြင်ကွင်းသာတည်း.. ။
ဟဲ့..စီးတော်ကျား ကိုက်စမ်း...
ဝုတ်
ဝုတ်..
ဝုတ်..


ဆောကားနေရင်း နေအတန်ငယ်စောင်းသည်နှင့် သူသည် ရွာထိပ်ရှိညောင်ပင်ကြီးအောက်သို့ အပြေးသွားကာ..
တူရူလမ်းကို ငေးကြည့်နေယင်း.. တစ်စုံတစ်ဦးကို မျှော်နေသည့်အလား စောင့်နေတတ်၏။
မကြာမီ ရွာစဉ်လှည့်ဈေးရောင်းရာမှပြန်လာသော ဒေါ်ဖော့ကိုတွေ့သည် နှင့် ဝမ်းသာအားရ ပြေးကြိုကာ..
သား‌ရေ..
ဒေါ်ဖော့နောက်မှ လိမ္မာလှသော ခွေးလေးတကောင်နှယ်.. မြှက်သီးမြှက်သပ် လုပ်ရင်း.. ဒေါ်ဖော့နှင့်အတူ အိမ်ပြန်လေတော့၏။ ယင်းမှာသူ၏ နေ့စဉ် မပျက်ပြုနေကျ.. ဝတ္တရားတစ်ခု ပါပေတည်း..။



သူ၏အမည်ကား..။
မိုင်နီမီးအခ် ကောက်ရ..
သူ့ကို သူ့သခင် ဦးဖိုးတော တောထဲမှ ကောက်ရ ခဲ့တုန်းက သူသည် လသားအရွယ် ကျားသစ် ပေါက်စလေးသာ ဖြစ်၏။
ဟယ်..ကြောင်ပေါက်စလေး ကျနေတာပဲ နော် ကိုဖိုးတော..
သူ့ကိုတွေ့ခဲ့ရပုံမှာ.. တစ်နေ့တွင် ဦးဖိုးတော တောထဲတွင် ထင်းခွေထွက်စဉ် တောတွင်းတစ် နေရာ၌ သေဆုံးနေသော တောဝက်တစ်ကောင် နှင့် ကျားသစ်တကောင်ကို တွေ့ရလေ၏..။
သူတို့ နှစ်ယောက်ကား တိုက်ခိုက် ရင်း သေဆုံးခဲ့ကြဟန်တူ၏..။ နှစ်ကောင်လုံးတွင် ဒဏ်ရာဒဏ် ချက်များဖြင့် ပြည့်နေသည်ဆို၏။
ဟာ...
ဝါးကြာ.




ကိုဖိုးတောလည်း ရွာမှ အပေါင်းအသင်းများကို ပြန်ခေါ်ပြီး ကျားသစ်မလေးနှင့် တောဝက်သေတို့ကို ရွာသို့ထမ်းပိုးသယ်ဆောင်ခဲ့ပြီး..



တောထဲတွင် အမိမဲ့သားအဖြစ် ကော်ပြတ်သေဆုံးမည့်ဘေးမှ ကယ်တင်ရန်အလို့ငှာ ကျားသစ်ပေါက်လေးကိုလည်း မွေးမြူရန် ခေါ်ဆောင်ခဲ့ချေတော့၏ ။




ကိုဖိုးတော နှင့် ဒေါ်ဖော့တို့ကား..
မထင်မှတ်ဘဲ ငွေပေါက်တိုးတော့၏ ။
တောဝက်သားကို ရောင်းရ၍.. ငွေ
အတော်ရလိုက်သလို..
မယ်ဖော့ရေ
ငါတို့ တစ်ပိဿာဟ
ကျုပ်တို့ ငါးဆယ်
သား
ငါ့ဖို့ နှစ်တွဲလောက်
ချန်ထားဦးနော်..
ကျားသစ်ရေကိုလည်း.. ကျွန်ုပ်ကိုယ်တိုင်
အရေခွံခွာပြီး မြို့တက် ရောင်းချပေးသဖြင့်
ထိုက်ထိုက်တန်တန် ငွေရ ရကား.. ။
သူတို့၏ အိမ်လေးကိုပင်
တောင့်တောင့်တင်းတင်းလေး
ပြင်ဆင်နိုင်ခဲ့ချေပြီ ။ လာခြင်း
ကောင်းသော ကောက်ရပါပေ ။
ကျားသစ်ပေါက်စလေးကို ကျွန်ုပ်ကတောင်းသေးသော်လည်း..ကိုဖိုးတော နှင့်
ဒေါ်ဖော့က မပေး ။
သည်းခံပါ
ဦးတွတ်ပီ ရယ်..
ကျွန်မတို့မှာ ကလေး
သားမြေးရှိတာမဟုတ်
တော့.. သူ့ကိုသားအမှတ်
နဲ့ မွေးစားမှာမို့ပါရှင်
၉


တောထဲက ကောက်ရသဖြင့်.. သူ့ကို ကောက်ရ ဟု နာမည်ပေးကာ..
သားရေ.. ကောက်ရ.. လာဟေ့.. နို့သောက်မယ်..
သားအရင်းမကပင် ပြုစုစောင့်ရှောက် ကျွေးမွေးခဲ့ရာ...
နှစ်အနည်းငယ် အတွင်းတွင် ကောက်ရမှာ ကျားသစ်ကြီး တစ်ကောင်အဖြစ် အရွယ်ရောက်ခဲ့တော့၏ ။
မာမီရယ်.. ရှာပေးကွယ်.. မိန်းမလိုချင်တယ်..
သို့သော်.. သူကား လူတောထဲတွင် ကြီးပြင်းခဲ့ကာ.. လူသားတို့၏ မေတ္တာကိုခံယူခဲ့ရသူ ဖြစ်.. တောစိတ်မဝင်ဘဲ လူအများနှင့်သာ ယဉ်ပါးပျော်မွေ့နေတော့၏ ။

## အခန်း ၂။ ဝက်ဝံနှင့်ရင်ဆိုင်တိုးရခြင်း






သင်းတို့ နှစ်ယောက် အတွဲမိ နေလျှင် မဟုတ်တမ်းတရား တစ်ခုတစ်ရာ ကျူးလွန် တော့မည်ကိုတွေးမိရင်း
ဒီတစ်ရှူး ဘာတွေများ မဟုတ်တာလုပ်ဖို့ ကြံစည်လာလဲဟေ့.. ပြောစမ်း..
ဆရာတွတ်ကလဲဗျာ ကျွန်တော်တို့ဆိုရင်.. ဘယ်တော့မှ အကောင်း မထင်ဘူး...
အံမာ.. မင်းတို့ ကရော ဘယ်တုန်းက များ ကောင်းဖူးလို့လဲ..
ခင်ဗျား ယောက်ဖကို ပြောလည်းပြောပါ ဆရာတွတ်ရယ်.. ကျွန်တော့်ကိုတော့ ဆွဲမထည့် ပါနဲ့..
မင်းကရောမဟုတ်လို့လား..
၁၂


ကျွန်တော့မှာ ပြောစရာဆိုလို့.. အပျိုဖြင့်ရင် ငမ်းချင်.. ဒါလေ.. ပိုးချင်ပန်းချင် တာလေးပဲရှိတာပါဗျ..
အေးလေ.. ဒါဗီအပြစ်က နည်းသလား.. မင်းတို့ရန်ကြောက်လို့ တို့ရွာ မိန်းကလေး တွေဟာ..
အရွယ်ရောက်တာနဲ့ အိမ်ထောင်ပြုကုန်ကြလို့ တို့ရွာမှာ ခု.. အပျိုဆိုရင် အရွစ် ရေးကြည့်ရမယ့် ဘဝရောက် နေပြီ မဟုတ်လား..
တယ်ဆိုပါလား ဟရို့...
ဟုတ်တယ်.. ခု.. ကျွန်တော်တို့ ရွာမှာ အပျိုဆို မူးလို့ ရှာစရာမရှိ လို့.. ဌက်ပျောတော ရွာမှာသွားရှာမလို့.. ဒါလေ.. သွားလည် မလို့ဗျ..
ခုပဲပြောနေသေးတယ် ခုပဲ ဇာတိကာပြနေပြီ..


မမျှင်ရေ.. ငှက်ပျောတောရွာမှာ ဘုရားပွဲ ရှိတယ်ဗျ..
ဒါဆန်းလား နှစ်တိုင်းလုပ်နေတဲ့ဟာများ..
ဒီနှစ်ထူးတယ်ဗျ.. အဲဒီ ဘုရားပွဲက ထီးသစ် ပြန်တင်တဲ့ပွဲ နဲ့ တိုက်နေလို့ ရန်ကုန်ကပွဲ သွင်းမယ်တဲ့.. ပန်တျာ ဝေသာ ဖာတ်တဲ့..
မြို့မေတ္တာခံယူတဲ့ ဝက်ပုတ်ပေမို့.. အဲလေ သားပေမို့..
တော်စမ်းပါဟယ်.. ပုတ်သောက်ရှိတဲ့ ခန္ဓာနဲ့ မင်းသားများ နင်တို့ မို့ ပိုက်ဆံပေး သွားကြည့်ဖို့ ကြံတယ်..
အစ်မကလည်း သူ့ကိုကြည့်ချင်လို့ မဟုတ်ပါဘူး သူ့ဖာတ်မှာ တွဲတေးစိုးအောင် ပါမယ်တဲ့.. အဲ့ဒါကို သွားကြည့်ချင်လို့ပါဗျ.. ဟီး..
ဆင်ခြေ ဆင်ခြေ..


ပြီးတော့ ငှက်ပျောတောက ဗိုးချက်တို့က.. ကျွန်တော့် တို့ကို ညအိပ်လာလည်ဖို့ ဖိတ်ထားတယ်လေ..
အဲဒါ.. ဇာတ်သွားကြည့်ဖို့ ပိုက်ဆံလေး ဘာလေး..ဟဲဟဲ..
ဒီဘူတာပဲ ဆိုက်တာပဲ ဦး..
ဟုတ်တာပေါ့ကွာ.. တို့ရွာတွေမှာက ပျော်စရာ ဆိုလို့ ဒီကိစ္စပဲရှိတာ.. မင်းမောင်ကို ရွေးသုံးလေးဘာလေး ပေးလိုက်ပါဦး...
ရှင်က ကျုပ်ကို ဘဏ်များမှတ် နေလို့လား
ခေတ်မှီနေပါလား..
အံမယ်..
ပြဿနာ သွားရှာပြန်ပြီ
ပိုက်ဆံကို တွင်းထဲကနှိုက် ပေးရတယ်လို့.. ထင်လို့လား..


မထင်ပါဘူးကွာ ထွင်းထဲက နှိုက်ရင် ပုစွန်လုံးနဲ့ ငါးရှဉ့်ပဲရမှာပေါ့.. ငါက မင်းခွေးခံအောက်ဗိုက်ထဲက နှိုက်ပေးခိုင်းတာ..
တိတ်စမ်း.. ကတွတ်ပီ.. ရှင် ရှုနေလုပ်မနေနဲ့
ထင်တယ်..
ဗိုက်ကလေး.. နင်တို့ဆရာတပည့် တောမတက်တာ ဘယ်လောက်ကြာပြီလဲ ဟင်။ ပြောစမ်းပါဦး။
ငါ့ဘက် ပြန်လှည့်လာပြီ..
သေနတ်ပြောင်းတောင် မှိုတက်နေပြီလား မပြောတတ်ပေါင်တော်..
တယ်..
ဟုတ်တယ်ပေါ့ မှိုက သေနတ် တင်မကဘူး။ လူပါတက်နေ တယ်ကွ။


ကျွန်ုပ်နှင့် မသေးမျှင် စကား အခြေအတင်ပြော ရင်း စကားများကြလျှင် သူ ပိုက်ဆံတောင်း၍မရ တော့မည်စိုး၍ထင့်.. ။ ဗိုက်ကလေး ကပျာကယာ ဝင်တား၏ ။
ကဲ.. မမျှင်.. ကျွန်တော့်ကို များများပေးစရာမလိုဘူး.. တစ်ရာနှစ်ရာ လောက်ပဲပေး.. ဟုတ်လား..
ကဲ.. ကဲ တော်ကြ ပါတော့ဗျာ.. ကြားက ကျွန်တော်ကပဲ တောင်း ပန်ပါတယ်.. ။
ဘာ တစ်ရာ နှစ်ရာ အမယ်လေး.. လေး မပေးနိုင်ပါ ဘူးတော်..
ဒီနှစ် အိမ်ပြင်ဖို့ စုထားတာဟဲ့ သိရဲ့လား..
ပါကိတ် နှစ်ထည်ဝယ် လိုက်တာလဲ သိပ်ပို့ ဟွန်း..
ဒီမှာ ဗိုက်ကလေး ငါ့ရှင်းရှင်းပဲပြောမယ် နင့်ကိုနင် ပြန်ကြည့်ဦး မငယ်တော့ဘူး..
အာ.. မမျှင်ကလဲ


နင် ကလေးမဟုတ်တော့ဘူးလို့ပြောတာဟဲ့.. ဟွန်း.. အတွေးက မဟုတ်တဲ့နေရာ ခေါင်ပွဲ.. ။
ဟူး..တော်သေးတာပေါ့..
ဒီအရွယ် ရှိပြီ ခုထိ အလုပ်ကိုလက်ကြော တင်းအောင် မလုပ်ချင်ဘူး ဟွန်း..
ဒီမှာ နင့်ကို ထမင်းပဲ ကျွေးထား နိုင်မယ်.. အပျော်အပါး အတွက်တော့ မထောက်ပံ့နိုင်ဘူးဟေ့ ... ။ အေး.. သုံးချင် ဖြုန်းချင် ကိုယ့်ဟာကိုယ် ရှာသုံး..ဒါပဲ.. ။
သွားပြီ..
မသေးမျှင်ကားစကားကို အပြီးပိတ် ပြောလိုက်ပြီး မီးဖိုထဲ ပြန်ဝင်သွား ချေတော့၏ ။ ဗိုက်ကလေးကတော့ ကြက်နာကြီး လည်လိမ်ခံလိုက်ရသလို.. ငူငေါင်ငါငိုကြီး ကျန်ခဲ့တော့၏ ။
စကားပဲ အပတ် တင်တယ်.. နောက်ဆုံး တော့လဲ ဒုံရင်းပဲ.. ။


ဟား.. ဟုတ်ပီ ဟေ့.. ငါအကြံရ ပြီကွ ဗိုက်ကလေး..
ဘာလဲ..
ဓောကြီး စကားကြောင့် ကျွန်ုပ် လည်းမသိမသာ နားစွင့်နေ လိုက်မိ၏။
ဘာတွေများ မဟုတ်တာကြံဦး မလို့ပါလိမ့်..။
တို့တောထဲ ပျားအုံသွား မွှေရအောင်.. ပျားအုံကြီးတစ်ခု ကိုငါတွေ့ထားတယ်ကွ ..
ဘယ်တုန်းက တွေ့ထားတာလဲ..
တစ်နေ့က ချက်ကြီးတို့နဲ့ ထင်းခွေ ထွက်ရင်း တွေ့ထားတာကွ.. ခုမှသတိရ တယ်ကွာ..
ခု.. ပျားရည်ချေးတွေလဲကောင်း နေတော့.. ဒီကောမှာနိုပြေသွားမယ်..
အေးကွ..ဟီးဟီး